KHRG ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

**မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ**

၂၀၁၉ခုနှစ်၊ နိုဝင်ဘာလ၊ ၂၅ရက် / KHRG မှတ်တမ်းလွှာအမှတ် #19-82-I1

---

# သထုံမှုခင်းဆိုင်ရာမှတ်တမ်းလွှာ: ဖားအံမြို့နယ်ရှိ ရွာသားတစ်ဦးမှ မြေမြှုပ်မိုင်းတက်နင်းပြီးသည့်နောက် ပြင်းထန်သည့်ဒဏ်ရာများ ဆက်လက်ခံစားနေရခြင်း (၂၀၁၉ခုနှစ်၊ မေလ)

---

*ဤမှုခင်းဖော်ပြသည့်မှတ်တမ်းလွှာတွင် ၂၀၁၉ခုနှစ်၊ မေလ၊ ၁၈ရက်နေ့က မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် သထုံခရိုင်၊ ဖားအံမြို့နယ်၊ ဝဲပုံကျေးရွာအုပ်စုရှိ ရွာသားနှစ်ဦး ဒဏ်ရာရရှိခဲ့သည်။ တစ်ဦးမှာ သူ၏ယာခြေထောက်ကို ဆုံးရှုံးခဲ့ရပြီး လက်ရှိတွင် သူ၏ဆွေမျိုးများကို မှီခိုလျှက် နေထိုင်စားသောက်နေရပါသည်။ မြေမြှုပ်မိုင်းများရှိနေသည့် နေရာဒေသများကို တာဝန်ယူရှင်းလင်းပေးသည့် ဆောင်ရွက်ချက်များ မတွေ့ရပေ။*[1]

---

## အပိုင်း ၁ - မှုခင်းဖြစ်ပွားသည့်အကြောင်းအရာအပြည့်အစုံ

| | |
|---|---|
| **အခင်းဖြစ်ပွားမှုအမျိုးအစား** | မြေမြှုပ်မိုင်းပေါက်ကွဲမှု |
| **အခင်းဖြစ်ပွားသည့်နေ့ရက်** | ၂၀၁၉ခုနှစ်၊ မေလ၊ ၁၈ရက် |
| **အခင်းဖြစ်ပွားသည့်နေရာ (ကျေးရွာ၊ မြို့နယ်၊ ခရိုင်)** | သထုံခရိုင်၊ ဖားအံမြို့နယ်၊ ဝဲပုံကျေးရွာအုပ်စု၊ အ---ကျေးရွာ |

| **စော်ကားခံရသူ(ရာဇဝတ်မှုကျူးလွန်ခံရသူ)၏ ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ** | | |
|---|---|---|
| ***အမည်*** | စောဘ--- | စောစ--- |

[1] ဤအစီရင်ခံစာသည် ၂၀၁၉ခုနှစ်၊ နိုဝင်ဘာလတွင် လက်ခံရရှိသောအကြောင်းအရာ၌ အခြေခံပြုပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG မှ လေ့ကျင့်သင်ကြားပေးသော ကွင်းမှလူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေအား ဖာပွန်ခရိုင်ရှိ ဒေသခံတစ်ဦးမှ ဖေါ်ပြထားပါသည်။ ချိုးဖောက်ခံရသူများ၏ အမည်၊ ဓါတ်ပုံနှင့်နေရပ်လိပ်စာအတိအကျအား လုံခြုံရေးအနေနှင့် ဆင်ဆာဖျက်ထားပါသည်။ ကွင်းစ၊ကွင်းပိတ်အတွင်း ရေးသားထားသော အချက်အလက်များသည် KHRG ဝန်ထမ်းမှ ရှင်းလင်းမှုများထည့်သွင်းထားခြင်းဖြစ်သည်။

| | | |
|---|---|---|
| **အသက်** | ၁၉ | ၃၂ |
| **ကျား/မ** | ကျား | ကျား |
| **လူမျိုး** | ကရင် | ကရင် |
| **မိသားစုရှိ/မရှိ** | ရှိ | ရှိ |
| **အလုပ်အကိုင်** | လယ်သမား | လယ်သမား |
| **ကိုးကွယ်သည့် ဘာသာ** | ဗုဒ္ဓ | ဗုဒ္ဓ |
| **ရာထူးအဆင့်** | ရွာသား | ရွာသား |
| **နေရပ် ရွာအမည်** | အ---ရွာ | အ---ရွာ |

| **ပြစ်မှုကျူးလွန်သူ၏ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ** | | | | |
|---|---|---|---|---|
| **အမည်** | **ရာထူး** | **စစ်ကြောင်း၊တပ်ရင်း၊ တပ်မ** | **အခြေစိုက်သည့်နေရာ ဒေသ** | **အထက်အရာရှိ အမည်** |
| မသိ | စစ်သားများ | မသိ | မီးဖိုင်းတောင် | ဆရာတော်ဦးစန္ဒာဝရ (မီးဖိုင်းတောင် ဘုန်းကြီးကျောင်းထိုင် ဆရာတော်) |

## <u>အဆင့် ၂- သတင်းအချက်အလက်များပြန်လည်စီစစ်ခြင်း</u>

| **(၁) ဤသတင်းအချက်အလက်မှတ်တမ်းပြုစုပုံတစ်ဆင့်ချင်းကို ရှင်းပြပါ။** |
|---|
| ကျွန်တော်ကို ဒ---ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးမှ အ---ကျေးရွာရှိ မြေမြှုပ်မိုင်းတက်နင်းမိခဲ့သော ရွာသား အကြောင်းပြောပြီးသည့်နောက်တွင် ကျွန်တော် ကမမောင်းရှိ အ---ရွာရှိ ရွာသားတစ်ဦးဖြစ်သူ စောအ--- ထံမှ အကူအညီတောင်းခံခဲ့သည်။ ထိုသူမှ ထိခိုက်ခံခဲ့ရသူများနှင့် ကျွန်တော်ကို ဆက်သွယ်ပေးပြီးနောက် ၎င်းတို့ကို အ---ကျေးရွာတွင် တွေ့ဆုံခဲ့သည်။ |

| **(၂) ဤသတင်းကိုပေးသောသူတို့သည် ဤသတင်းအချက်အလက်များမှန်ကန်ကြောင်း မည်သို့ဖော်ပြလိုပါသနည်း။ ၎င်းတို့တစ်ဦးချင်းစီ၏ ရှင်းပြချက်(များကို) ရေးမှတ်ပေးပါ။** |
|---|
| ဤအကြောင်းအရာအား ပေးခဲ့သောသူများမှာ ဤအဖြစ်အပျက်များအား ကိုယ်တိုင်တွေ့ကြုံခဲ့ရပါသည်။ |

## <u>အဆင့် ၃- အခင်းဖြစ်ပွားပုံ</u>

| **အခင်းဖြစ်ပွားပုံ အသေးစိတ်ကို ပြည့်စုံစွာ ရေးသားဖော်ပြပေးပါ။** |
|---|
| ဤမှုခင်းသည် သထုံခရိုင်၊ ဖားအံမြို့နယ်၊ ဝဲပုံကျေးရွာအုပ်စု၊ အ---ရွာ၏အပြင်ဘက်တွင် ဖြစ်ပွားခဲ့သည်။ ထိခိုက်ခံစားခဲ့ရသူများမှာ အ---ကျေးရွာတွင် နေထိုင်ကြသည့် အသက်(၁၉)နှစ်အရွယ် စောဘ---နှင့် အသက် (၃၂) နှစ်အရွယ် စောစ---တို့ဖြစ်ပါသည်။ |

၂၀၁၉ခုနှစ်၊ မေလ၊ ၁၈ရက်နေ့တွင် စောဘ---နှင့်စောစ---တို့သည် တောထဲတွင် ဒညင်းသီးသွားရောက်ရှာဖွေရန် အ---ကျေးရွာမှ ထွက်လာခဲ့ပါသည်။ ရွာမှ အနောက်မြောက်ဘက်သို့ မိနစ် (၃၀) လောက် လမ်းလျှောက်သွားပြီးနောက် စောဘ---သည် စောစ---၏နောက်တွင် ခြေလှမ်းငါးလှမ်းလောက်အကွာတွင် မြေမြှုပ်မိုင်းကို တက်နင်းမိခဲ့သည်။ မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် စောဘ---၏ ယာခြေထောက်ရှိ ဒူးခေါင်းမှ အသားများ ဆုတ်ပြဲခဲ့သည်။ စောစ---လည်း အရှေ့သို့လွင့်ထွက်သွားပြီး ၎င်း၏ကျောတွင် ဒဏ်ရာအနည်းငယ်ရရှိခဲ့သည်။

စောစ---မှ ကရင်လူ့အခွင့်အရေးအဖွဲ့သို့ ဤမှုခင်းအကြောင်း ရှင်းပြခဲ့သည်မှာ “*ကျွန်တော်အနောက်က လျှောက်လာတဲ့ ကျွန်တော်ညီက မြေမြှုပ်မိုင်းတက်နင်းမိတယ်။ ကျွန်တော်ရဲ့ကျောကိုထိပြီး ကျွန်တော်လည်း အရှေ့ကိုလွင့်သွားတယ်။ ကျွန်တော်ညီကို ကြည့်လိုက်တဲ့အချိန်မှာ သူလည်း လဲကျနေတယ်။ ဒါပေမဲ့ သူက သတိရလိုက် မရလိုက်ဖြစ်နေတယ်။ ကျွန်တော်ရဲ့ နောက်ကျောလည်း ဒဏ်ရာရသွားတာကို သတိထားမိလိုက်တယ်။*” စောဘ---က “*ကျွန်တော်လည်း အိမ်ကို ဘယ်လိုပြန်ရောက်လာလဲဆိုတာကို မမှတ်မိတော့ဘူး*” လို့ ထပ်မံဖြည့်စွက်ပြောဆိုခဲ့သည်။

ကရင်လူ့အခွင့်အရေးအဖွဲ့မှ လက်ခံရရှိသည့်သတင်းအချက်အလက်အရ ထိုမြေမြှုပ်မိုင်းများကို ဆရာတော်ဦးစန္ဒာဝရ ဦးဆောင်သည့် (DKBA) ခွဲထွက်အဖွဲ့မှ ပြန်လည်ခွဲထွက်သည့်အဖွဲ့ငယ်မှ ထောင်ထားခြင်းဖြစ်သည်။ ၎င်းတို့သည် မီးဖိုင်းတောင်တွင် ယခင်က အခြေစိုက်နေထိုင်ခဲ့ပါသည်။ သို့သော်၂၀၁၉ခုနှစ် ဇွန်လ၊ ၂၃ရက်နေ့တွင် နယ်ခြားစောင့်တပ် တပ်ရင်းအမှတ် (၁၀၁၄) ထံတွင် လက်နက်ချခဲ့ပြီးနောက်တွင် ထိုနေရာမှ ထွက်ခွာသွားခဲ့သည်။

ကရင်လူ့အခွင့်အရေးအဖွဲ့၏သတင်းစုဆောင်းသူမှ ထပ်မံမေးမြန်းပြောဆိုချက်အရ မြေမြှုပ်မိုင်းပေါက်ကွဲမှု၏အကျိုးဆက်ကြောင့် စောဘ---နှင့် ၎င်း၏မိသားစုများသည် ပူပင်သောကရောက်နေကြရသည်။ စောဘ---မှာ သူ၏ ယာခြေထောက်အား ဆုံးရှုံးခဲ့ခြင်းကြောင့် အလုပ်မလုပ်နိုင်တော့ပေ။ ယခုအချိန်တွင် သူသည် သူ၏ မိသားစုနှင့် ဆွေမျိုးများအပေါ် မှီခိုနေထိုင်စားသောက်နေကြရသည်။ စောစ---သည် ကျောဒဏ်ရာပြင်းပြင်းထန်ထန်မရရှိခဲ့သောကြောင့် အလုပ်ပြန်လုပ်နိုင်ခဲ့ပါသည်။ ၎င်းတို့သည် ဆေးဝါးကုသမှုခံယူရန်အတွက် မည်သည့်လျော်ကြေးငွေမျှ မရရှိခဲ့ပေ။

မြေမြှုပ်မိုင်းများအား ရှင်းလင်းဆောင်ရွက်ရန်အတွက် မည်သည့်လက်နက်ကိုင်အဖွဲ့မှ တာဝန်ယူလုပ်ဆောင်ပေးခြင်း မရှိပေ။ ဒေသခံရွာသူရွာသားများမှ မြေမြှုပ်မိုင်းရှိနိုင်မည့်နေရာများကို ရှောင်ရှားသွားလာနေရပါသည်။

## အဆင့် ၄- ခွင့်ပြုချက်တောင်းခံခြင်း

| **ရွာသားသို့မဟုတ် လူ့အခွင့်အရေးချိုးဖောက်ခံရသူသည် ဤသတင်းကိုအသုံးပြုရန်ခွင့်ပြုပါသလား။ မည်ကဲ့သို့သောနည်းလမ်းဖြင့် အသုံးပြုခွင့်ပေးသည်ကိုဖော်ပြပေးပါ။** |
| --- |
| မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သူ စောဘ---နှင့် စောစ--- နှစ်ဦးစလုံးမှ ဤအကြောင်းအရာကို အသုံးပြုရန်အတွက် ကရင်လူ့အခွင့်အရေးအဖွဲ့အား ခွင့်ပြုချက်ပေးခဲ့ပါသည်။ |




ဤဓာတ်ပုံကို ၂၀၁၉ခုနှစ်၊ ဩဂုတ်လ၊ ၃ရက်နေ့ ဖားအံမြို့နယ်၊ ဝဲပျံကျေးရွာအုပ်စု၊ အ---ကျေးရွာတွင် ရိုက်ယူခဲ့သည်။ ပုံမှာ အသက်၁၉နှစ် အရွယ်ရှိ စောဘ---မှ မြေမြှုပ်မိုင်းတက်နင်းခဲ့မိပြီးနောက် သူ၏ယာခြေထောက်ကို ဆုံးရှုံးခဲ့ရသောပုံကို ရိုက်ကူးထားခြင်းဖြစ်သည်။ [ဓာတ်ပုံ- *KHRG*]